# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## စတုတ္ထနေ့အစီအစဉ်

## ၉-၆-၂၀၂၆ (အင်္ဂါနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ရေဦးမြို့၊ ကုတင်-၁၀၀ဆံ့ ပြည်သူ့ဆေးရုံတွင် အများပြည်သူကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သော ဆေးဝါးများ ကောင်းမွန်စွာရရှိနိုင်စေရန်နှင့် လိုအပ်သောအရာထမ်းဆရာဝန်များ သူနာပြုဆရာမကြီးများအပါအဝင် အမှုထမ်းများကို ပြည့်စုံစွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏ "**ဖောင်းပြင်မြို့နယ် ပြည်သူလူထုကျန်းမာရေးအတွက် လိုအပ်နေသည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးကိရိယာများ၊ လိုအပ်သောဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများအား ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ "**ကသာခရိုင်အတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်မီးနှင့်တယ်လီဖုန်းဆက်သွယ်ရေးများ ပြတ်တောက်နေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်ပါ၍ လျှပ်စစ်မီးနှင့်တယ်လီဖုန်း ဆက်သွယ်ရေးများ အမြန်ဆုံး ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)၏** "မော်လိုက်မြို့တွင် ၂၀၂၁ ခုနှစ်မှ ယနေ့အချိန်ထိ (၅)နှစ်ကျော် ပိတ်ထားသော အင်တာနက်လိုင်းအား အမြန်ဖွင့်လှစ် သုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာနှင့် ရွာဦးဘုန်းကြီးကျောင်းစေတီအနီး ပေ(၅၀၀)ခန့် ရေတိုက်စားထားသောနေရာအား ချောင်းရေတိုက်စားမှုမှ မည်သို့ကာကွယ်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "မုံရွာမြို့တွင်းလမ်းအရှည်(၇)မိုင်၊ (၁.၁၂)ဖာလုံရှိ ပြည်ထောင်စုအမှတ်(၂)လမ်းကို အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၏ရန်ပုံငွေမှ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(၂) "မုံရွာမြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော Aqua Pura ကုမ္ပဏီရေပေးဝေရေးလုပ်ငန်း၏ ရေအရည်အသွေးနှင့် ဖြန့်ဝေမှုစနစ်အား ပြည်သူများကျန်းမာရေးနှင့်ညီညွတ်စွာ အသုံးပြုနိုင်ရေးအတွက် ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်တွင် ဈေးရောင်း၊ ဈေးဝယ်များအဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် (၂၀ ပေ × ၄၀ ပေ)ရှိ ဈေးရုံကြီး အသစ်(၃)ရုံအား တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်းအဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်မာမာဝင်း ၊ ကွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ခ) ဦးကျော်နိုင်ဝင်း ၊ ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၂ )

(ဂ) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၂ )

(င) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂ )

(စ) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဇ) ဦးခင်မောင်လွင်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဈ) ကြည်း-၄၁၂၇၂ ၊ ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း။

၉။ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။